၁၀-၆-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည်) | | | ဆီ (တစ်ပိဿာ) | | စက်သုံးဆီ (တစ်လီတာ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) | ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane 95 | Octane 92 | ဒီဇယ် (ရိုးရိုး) | အဆင့်မြင့် ဒီဇယ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၂၅၀ | ၂၇၉၅ | ၂၆၇၅ | ၂၄၈၅ | ၂၅၃၀ | ၄၈၀၀၀၀၀ | |
| ၂ | လားရှိုး | ၃၈၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၅၀ | ၂၇၂၀ | ၂၆၀၀ | ၂၄၁၀ | ၂၄၅၅ | ၄၆၅၅၀၀၀ | |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | | ၇၅၀၀ | ၁၇၀၀၀ | ၇၈၀၀ | ၄၁၅၀ | ၄၀၀၀ | ၄၁၀၀ | ၄၁၁၀ | ၄၆၅၅၀၀၀ | |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၄၀၀ | ↑၇၅၀၀ | ၁၆၅၀၀ | ၅၉၅၀ | ၂၇၁၀ | ၂၅၉၀ | ၂၄၀၀ | ၂၄၄၅ | ၄၆၅၅၀၀၀ | |
| ၅ | လွိုင်ကော် | | | | | | | | | | | |
| ၆ | ဘားအံ | ၄၀၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ↑၆၁၀၀ | ၂၆၇၅ | ၂၅၅၀ | ၂၃၆၀ | ၂၄၁၀ | ၄၈၀၀၀၀၀ | |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၉၅၀ | ၂၆၉၀ | ၂၅၆၅ | ၂၃၇၅ | ၂၄၂၅ | ၅၂၅၀၀၀၀ | |
| ၈ | ထားဝယ် | ၄၁၀၀ | | ၇၂၀၀ | ၁၇၀၀၀ | ၆၀၅၀ | ၂၇၀၀ | ၂၅၇၅ | ၂၃၈၅ | ၂၄၃၅ | ၄၈၁၅၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၀၅၀ | ၃၄၀၀ | ၃၃၀၀ | ၃၃၅၀ | ၃၄၀၀ | ၄၇၀၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၄၀၀၀ | | ၅၈၀၀ | ၁၇၀၀၀ | ↑၅၇၅၀ | ၂၆၁၅ | ၂၄၉၅ | ၂၃၀၅ | ၂၃၅၀ | ၄၆၅၅၀၀၀ | ၂၁၀၀ |
| ၁၁ | ပုသိမ် | ၃၈၅၀ | | ၅၈၀၀ | ၁၆၀၀၀ | ↑၆၀၀၀ | ၂၆၆၅ | ၂၅၄၅ | ၂၃၅၅ | ၂၄၀၀ | ၄၇၇၅၀၀၀ | |
| ၁၂ | စစ်တွေ | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၃၁၃၀ | ၃၀၁၀ | ၂၈၂၀ | ၂၈၆၅ | ၅၂၂၀၀၀၀ | |
| ၁၄ | မုံရွာ | ၃၇၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၄၅၀ | ၂၇၁၀ | ၂၅၈၅ | ၂၃၉၅ | ၂၄၄၅ | ၄၆၄၅၀၀၀ | |
| ၁၅ | မန္တလေး | ၄၇၀၀ | | ၇၂၀၀ | ↑၁၄၅၀၀ | ↑၆၂၀၀ | ၂၆၈၅ | ၂၅၆၀ | ၂၃၇၀ | ၂၄၂၀ | | |
| ၁၆ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၂၆၈၅ | ၂၅၆၅ | ၂၃၇၅ | ၂၄၂၀ | ၄၉၀၀၀၀၀ | |
| ၁၇ | မကွေး | ၃၈၅၀ | | ၇၅၅၀ | ၁၅၀၀၀ | ၆၀၀၀ | ၂၆၈၅ | ၂၅၆၅ | ၂၃၇၅ | ၂၄၂၀ | ၄၈၅၀၀၀၀ | |
| ၁၈ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၅၈၅၀ | ၂၇၀၅ | ၂၆၀၅ | ၂၃၇၀ | ၂၄၂၅ | ၄၉၃၀၀၀၀ | |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၈၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၂၆၁၅ | ၂၄၉၅ | ၂၃၀၅ | ၂၃၅၀ | ၅၀၀၀၀၀၀ | |
| ၂၀ | ပျဉ်းမနား | ၃၈၅၀ | | ၆၈၅၀ | ၁၅၀၀၀ | ↑၅၇၀၀ | ၂၆၆၀ | ၂၅၄၀ | ၂၃၅၀ | ၂၄၀၀ | ၄၆၅၅၀၀၀ | |
| ၂၁ | နေပြည်တော် | ၃၈၅၀ | | ၆၈၅၀ | ၁၅၂၀၀ | ↑၅၇၀၀ | ၂၆၆၀ | ၂၅၄၀ | ၂၃၅၀ | ၂၄၀၀ | ၄၆၅၅၀၀၀ | |
| ၂၂ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၉၇၀၀ | ၃၀၇၁ | ၂၉၅၃ | ၂၇၉၆ | ၂၈၁၆ | ၄၉၀၀၀၀၀ | |

Source: ပြည်တွင်းဌာနခွဲ




## အွန်လိုင်းပေါ်က ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာဝယ်





**ယခင်လမှအဆက်**

ထို့အတူ အွန်လိုင်းပေါ်မှ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲခြင်းအတွက် ငွေပေးချေမှုများပြုလုပ်ရာတွင် အာမခံချက်မရှိသော ငွေပေးချေရန်တောင်းဆိုမှုများ၊ လုံခြုံမှုမရှိသော Website စာမျက်နှာများပေါ်တွင် ငွေပေးချေမှုများ ပြုလုပ်မိခြင်းကြောင့် ဖြစ်ပေါ်လာသော လိမ်လည်မှုများ၊ ငွေပေးချေကတ်တွင်ပါရှိသော အသေးစိတ်အချက်အလက်များကို စုဆောင်းရန် စနစ်ထည့်သွင်းထားသည့် Website အတုများမှ ပေးပို့လာသော အီးမေးလ်များ လက်ခံရရှိနိုင်ခြင်း ကဲ့သို့သော ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့်အတွက် အောက်ဖော်ပြပါအချက်များကိုလည်း သတိပြုဆောင်ရွက်ရန် လိုအပ်ပါသည်-

(က) ငွေပေးချေမှုကို အတည်ပြုခြင်းမပြုမီ မိမိဝယ်ယူမှု၏ အသေးစိတ်အချက်အလက်များ အားလုံးကို ပြန်လည်စစ်ဆေးရန်၊

(ခ) လုံခြုံမှုမရှိသော Wi-Fi (ဥပမာ- အများသုံး Wi- Fi) များ အသုံးပြုသည့်အခါ မိမိဝယ်ယူသုံးစွဲသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအတွက် ပေးချေခြင်း ၊တစ်ဦးနှင့်တစ်ဦး ငွေကြေးလွှဲပြောင်းပေးပို့ခြင်းများ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန် (လုံခြုံမှုရှိစေရေးအတွက် မိမိ၏ မိုဘိုင်းဖုန်းဒေတာဖြင့်သာ အသုံးပြုသင့်ပါသည်)

(ဂ) ရောင်းချသူများအနေဖြင့် ဝယ်ယူသူများအတွက် ရေးဆွဲထားသည့် ကိုယ်ရေးအချက်အလက်

စာမျက်နှာ ၃ ကော်လံ ၁ သို့

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။

## သတင်းခေါင်းစဉ်များ


မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ ၅

၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

ပြည်တွင်း၊ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ၆

၂။ (၂၈) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ခြင်း

စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ ၇

၃။ ပိုးသတ်ဆေးဝယ်ယူခဲ့ခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၄။ မော်တော်ယာဉ်ပြုပြင်ရေးလုပ်ငန်း ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၅။ ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ

ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ ၉

၆။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း

၇။ ၂၀၂၄ ခုနှစ် ဧပြီလအတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

၈။ ၂၀၂၄ခုနှစ်၊ ဧပြီလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူအသိပညာပေးရေးကဏ္ဍ ၁၄

၉။ အွန်လိုင်းပေါ်က ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာဝယ်

၁၀။ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၁။ ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ကုန်သွယ်မှုကဏ္ဍ ၂၀

၁၂။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေဒေါ်လာ ဈေးနှုန်းများ




*စာမျက်နှာ ၁၈ မှအဆက်*

သင်တန်းသားများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ မွန်ပြည်နယ်ဦးစီးမှူးရုံးခန်း၌ မွန်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ သဘာဝမြေသြဇာလုပ်ငန်းရှင်နှင့် အအေးခန်းလုပ်ငန်းရှင်များ၊ မုဒုံမြို့၊မြို့မ (၄) ရပ်ကွက်ရှိ ကြက်ဥခေါက်ဆွဲ၊ ဂျုံခေါက်ဆွဲ ထုတ်လုပ်သည့် လုပ်ငန်းရှင် မော်လမြိုင်မြို့၊ စက်မှုဇုန်ရှိ အိုင်အိုဒင်းဆားထုတ်လုပ်သည့် ဆားစက်လုပ်ငန်းရှင်များ၊ ချောင်းဆုံမြို့နှင့်မုဒုံမြို့တို့တွင် စားအုန်းဆီများကို တာဝန်ယူ ဖြန့်ဖြူးရောင်းချပေးနေသော ဆီလုပ်ငန်းရှင်၊ ဘီးလင်းမြို့နယ် စားအုန်းဆီလက်ကားကိုယ်စားလှယ်တို့အား ကုန်အညွှန်း အမှတ်အသား အသေးစိတ်စိစစ်ချက်များကို ပြည့်စုံမှန်ကန်စွာထည့် သွင်းဖော်ပြရန်နှင့် စားသုံးသူကာကွယ်ရေး ဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာ ဆောင်ရွက်ရမည့်တာဝန်များအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် ချောင်းဆုံမြို့နယ်၊ပေါင်မြို့နယ်၊ ကျိုက်ထိုမြို့နယ်တို့၌ ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ Talk Show အစီအစဉ်များ လည်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် တောင်ကြီးမြို့ရှိ သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းတို့ရှိ ဆရာ၊ဆရာမများနှင့် သင်တန်းသားများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ မိုင်းလပ်အုပ်စု၊ ဝမ်မိုင်ကျေးရွာရှိ ပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပဆောင်ရွက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

**Source:ပြည်နယ်ဦးစီးမှူးရုံးများ**

**၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဧပြီလ စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | လုပ်ငန်းဆောင်ရွက်သည့်အကြိမ်ပေါင်း | | | | | | | | | | | | | တိုင်းစားသုံးသူရေးရာကော်မတီအစည်းအဝေး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဟောပြောသည့်နေရာ အရေအတွက် | | | | | | | | | | အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း | လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်း | သင်တန်းများဖွင့်လှစ်ခြင်း | |
| | | ကျောင်း | တက္ကသိုလ်ကောလိပ်သိပ္ပံ | ရပ်ကွက်ကျေးရွာ | တပ်ရင်း + ဌာန + အသင်း | Online/ Media (Talk Show) | စက်ရုံအလုပ်ရုံ | ဈေး | အခြား | ပြခန်း | စုစုပေါင်း | | | | |
| ၁ | ကချင် | - | - | ၁ | ၂ | - | - | - | - | - | ၃ | - | ၅ | - | - |
| ၂ | ကယား | - | - | - | - | - | - | - | - | - | ဝ | - | - | - | - |
| ၃ | ကရင် | ၂ | - | - | - | - | - | - | - | - | ၂ | - | ၂ | - | - |
| ၄ | ချင်း | - | - | ၁ | - | - | - | - | - | - | ၁ | - | - | - | ၁ |
| ၅ | စစ်ကိုင်း | - | - | ၄ | ၅ | - | - | - | - | - | ၉ | - | ၂၇ | - | - |
| ၆ | တနင်္သာရီ | - | - | ၁ | ၂ | - | - | - | - | - | ၃ | - | ၃ | - | - |
| ၇ | ပဲခူး | - | - | ၂၉ | ၁ | ၆ | ၂ | ၄ | - | - | ၄၂ | - | ၆၈ | - | ၁ |
| ၈ | မကွေး | ၃ | - | ၈ | ၁၀ | ၃ | - | ၁ | - | - | ၂၅ | - | ၅၅ | - | ၁ |
| ၉ | မန္တလေး | - | - | ၅ | ၇ | - | - | ၂ | ၂ | - | ၁၆ | - | ၂၅ | - | ၁ |
| ၁၀ | မွန် | ၁ | - | - | - | ၅ | ၂ | ၂ | - | ၁ | ၁၁ | - | ၁၅ | - | - |
| ၁၁ | ရခိုင် | - | - | - | ၁ | - | - | - | - | - | ၁ | - | ၃ | - | - |
| ၁၂ | ရန်ကုန် | - | - | ၃ | - | ၂ | - | ၉ | - | - | ၁၄ | - | ၇ | - | - |
| ၁၃ | ရှမ်းတောင် | - | - | - | ၂ | - | - | - | - | - | ၂ | - | ၁၀ | - | - |
| ၁၄ | ရှမ်းမြောက် | - | - | - | - | - | - | - | - | - | ဝ | - | ၁၀ | - | - |
| ၁၅ | ရှမ်းအရှေ့ | - | - | ၁ | - | - | - | - | - | - | ၁ | - | ၂ | - | - |
| ၁၆ | ဧရာဝတီ | ၁၁ | ၁ | ၁၄ | ၁၁ | ၁၇ | ၂ | - | - | - | ၅၆ | - | ၂၈ | - | - |
| ၁၇ | ပြည်ထောင်စုနယ်မြေ | - | - | - | - | - | ၁ | - | - | - | ၁ | - | ၂ | - | - |
| | **ပြည်ထောင်စုချုပ်** | ၁၇ | ၁ | ၆၇ | ၄၁ | ၃၃ | ၇ | ၁၈ | ၂ | ၁ | ၁၈၇ | - | ၂၆၂ | - | ၄ |

**Source: ပညာပေး**

*စာမျက်နှာ ၁၇ မှအဆက်*

နှင့်မုန့်မျိုးစုံလုပ်ငန်းရှင်များ၊ ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက်ရှိ သောက်ရေသန့် လုပ်ငန်းရှင်တို့အား ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း ဆိုင်ရာ အသိပညာပေးခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်းအသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် အသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ထားဝယ်ခရိုင်၊ ထားဝယ်မြို့ ၊ ပညာရေးဒီဂရီ ကောလိပ်၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ထားဝယ်ကမ်းရပ်ရှိ အခြေခံပညာမူလတန်း ကျောင်းနှင့် ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ ၁၀မိုင်ရှိ အခြေခံပညာအထက်တန်းများတို့ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ဆရာ၊ ဆရာမများ နှင့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး ဟောပြောပွဲများကျင်းပခဲ့ရာ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူအခွင့်အရေး (၈) ချက်နှင့် စားသုံးသူများလိုက်နာရမည့် တာဝန်များအကြောင်း၊ အွန်လိုင်းမှ ဈေးဝယ်ယူရာတွင် သိသင့်၊ သိထိုက်သည့် အချက်များ၊ထုတ်ကုန် လုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း ဆိုင်ရာများအကြောင်း၊ စားသုံးသူအခွင့်အရေးများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်ပါကြောင်းနှင့် တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းကာအမှတ်တရလက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ

## ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့်အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေး လုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့် အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် စားသုံးသူအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက် လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း ကချင်ပြည်နယ် ဦးစီးမှူးရုံးအနေဖြင့် မိုးညှင်းခရိုင်၊ မိုးညှင်းမြို့၊ မြို့မရပ်ကွက် အတွင်းရှိ ကုန်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ၊ ဝိုင်းမော်မြို့မိုင်းနားရပ်ကွက် (၂)ရှိ စားသောက်ကုန်မျိုးစုံလက်လီအရောင်းဆိုင်လုပ်ငန်းရှင် နှင့်အမှတ်(၃) ရပ်ကွက်အတွင်းရှိ စိုက်ပျိုးရေးဆေးအမျိုးမျိုး ဖြန့်ဖြူးရောင်းချနေသည့် လုပ်ငန်းရှင်များနှင့် ဝိုင်းမော်မြို့ အတွင်းရှိ လူမှုကူညီရေးအဖွဲ့ဝင်များ၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့ရှိ အုတ်ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်း ရှင်များ၊ ဗန်းမော်ခရိုင်ဦးစီးမှူးရုံးတွင် ဆန်၊ ပဲ၊ ပြောင်း၊ ပွဲရုံလုပ်ငန်းရှင်များနှင့် စားသုံးဆီရောင်းချလျက်ရှိသော ဆီလုပ်ငန်းရှင်များကိုတွေ့ဆုံပြီး စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်စေရေးနှင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ မွန်ပြည်နယ်ဦးစီးမှူးရုံး အနေဖြင့် မော်လမြိုင်မြို့၊ ပတ္တမြားဘုရားလမ်း၊ သွေးသောက်ကျေးရွာရှိ မုန့်လုပ်ငန်းရှင်နှင့်ဝန်ထမ်းများ၊ မော်လမြိုင်မြို့၊သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူ၊

*စာမျက်နှာ ၁၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၁ မှအဆက်*

လုံခြုံမှုဆိုင်ရာမူဝါဒများ (privacy policy)နှင့် ပြန်လည်ကုစားရေးဆိုင်ရာမူဝါဒများ (returns policy) ကို စစ်ဆေးရန်၊

(ဃ) ငွေလက်ခံပြေစာဖြတ်ပိုင်းများကို သိမ်းဆည်းထားရန်၊

(င) ဘဏ်အကောင့်အချက်အလက်များ၊ Debit/ Credit ကတ်၊ ဘဏ်ကတ်နံပါတ်များနှင့် ဒီဂျစ်တယ်ငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများ၏ လုပ်ငန်းစဉ်နံပါတ်၊ လျှို့ဝှက်နံပါတ်၊ OTP နှင့် PIN တို့ကို မည်သူတစ်ဦးတစ်ယောက်ကိုမှ မျှဝေခြင်းမပြုရန်၊

(စ) ဘဏ်လုပ်ငန်းနှင့် ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းတို့၏ Call Center နှင့် အပြာရောင်အမှန်ခြစ် (Blue Mark) ရရှိထားသည့် Facebook Page တို့တွင်သာ မိမိသိရှိလိုသည့် အကြောင်းအရာများကို ဆက်သွယ်မေးမြန်းရန်၊

(ဆ) ဘဏ်လုပ်ငန်း သို့မဟုတ် ငွေလွှဲဝန်ဆောင်မှု လုပ်ငန်းတို့၏ ဝန်ထမ်းအဖြစ် ဟန်ဆောင်၍ အခြားဖုန်းနံပါတ်များဖြင့် ခေါ်ဆိုလာပါက ကိုယ်ရေးအချက်အလက်များ၊ ငွေလွှဲအချက်အလက်များကို အသိပေးပြောကြားခြင်း မပြုရန်၊

(ဇ) မိမိဝယ်ယူသုံးစွဲမှုအတွက် ငွေပေးချေခြင်း သို့မဟုတ် ငွေလွှဲပြောင်းခြင်း ဆောင်ရွက်ရာတွင် ငွေလက်ခံ သူအား ကျသင့်ငွေအားလုံး မပေးပို့မီ ပမာဏ အနည်းငယ်ဖြင့် ဦးစွာပေးချေပြီး လက်ခံသူမှ လက်ခံရရှိခြင်း ရှိ-မရှိ စစ်ဆေးရန်၊ (ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိ၏ ငွေကြေးဆုံးရှုံးမှုကို ကာကွယ်နိုင်မည်ဖြစ်ပြီး မိမိ၏ အီးမေးလ်ကို မသမာသူများ တိုက်ခိုက်ခြင်း (hack ခံရခြင်း)၊ မှားယွင်းသော ငွေပေးချေမှု အသေးစိတ်အချက်အလက်များကို လက်ခံရရှိခြင်းတို့မှကာကွယ်နိုင်မည်ဖြစ်ပါသည်အီးမေးလ်ကို အသုံးပြု၍ ငွေပေးချေမှုများပြုလုပ်ရာတွင် အွန်လိုင်းရာဇဝတ်မှုကျူးလွန်သူက ကြားဖြတ်ပြီး ၎င်းတို့၏ အီးမေးလ်တစ်ခုကို အစားထိုးလိုက်သည့် ဖြစ်ရပ်များစွာ ရှိခဲ့ဖူးပါသည်။)

(ဈ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူခြင်း ပြုပြီးနောက် မိမိအသုံးပြုသည့် Credit Card နှင့် ဘဏ်စာရင်းရှင်းတမ်းများတွင် မိမိသုံးစွဲထားသည့် ပမာဏအတိုင်း မှန်ကန်စွာ ဖော်ပြထားမှု ရှိ-မရှိ သေချာစွာ စစ်ဆေးရန်၊

(ည) Websiteမှ ဝယ်ယူမှုများအတွက် ငွေပေးချေရာတွင် မိမိငွေပေးချေမှုကတ်၏ အသေးစိတ်အချက်အလက်များကို ဖြည့်သွင်းခြင်းမပြုမီ တရားဝင်ဖွင့်လှစ်ထားသော website ဟုတ်-မဟုတ် အောက်ပါနည်းလမ်းများဖြင့် အတည်ပြုစစ်ဆေးရန်-

(၁) မိမိဝင်ရောက်မည့် (Log In) သို့မဟုတ် မှတ်ပုံတင်မည့် (Register) Website လိပ်စာ၏ ဘယ်ဘက် (browser window frame) တွင် သော့ပုံစံအမှတ်အသား (padlock symbol) ရှိ-မရှိ စိစစ်ရန် (သော့ပုံစံအမှတ်အသားရှိမှသာ ဝင်ရောက်မှတ်ပုံတင်ရန်)၊

(၂) Website လိပ်စာတွင်‘https:// ဖြင့်စတင်ထားခြင်း ရှိ-မရှိ စိစစ်ရန် (‘s’ သည် ‘secure’ ကို ဆိုလိုသည်)၊

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

စာမျက်နှာ ၃ မှအဆက်

(၃) Website လိပ်စာပါ စာလုံးပေါင်း သတ်ပုံများ၊ စကားလုံးများနှင့် အက္ခရာများ စသည်တို့ မှန်ကန်မှု ရှိ-မရှိ စိစစ်ရန်၊

(၄) အချို့သော website များတွင် ငြင်ပငွေပေး ချေမှုဆိုင်ရာ ဝန်ဆောင်မှု (a third-party payment service) မှတစ်ဆင့် ငွေပေးချေသော နည်းလမ်းကို အသုံးပြုထားသည့်အတွက် ငွေပေးချေခြင်းမပြုမီ အဆိုပါ ဝန်ဆောင်မှုသည် လုံခြုံမှု ရှိ-မရှိ အတည်ပြုစိစစ်ရန်၊

(၅) အချို့သော website များတွင် Verified by Visa ကဲ့သို့သော အခြားသောနည်းလမ်းဖြင့် အတည်ပြုခြင်းဝန်ဆောင်မှုများ (extra verification services) သုံးစွဲရာ၌မိမိအသုံးပြုထားသော စကားဝှက် (Password) ကို သေချစွာ မှတ်သားထားရန်နှင့် မိမိအသုံးပြုသည့် Password များကို Browser များတွင် သိမ်းဆည်းထားခြင်း (Save လုပ်ထားခြင်း) မပြုရန်၊

(၃) ကုမ္ပဏီအနေဖြင့်သော်လည်းကောင်း သို့မဟုတ် တစ်ဦးချင်းသော်လည်းကောင်း ငွေပေးချေသည့်အခါ လက်ခံမည့်သူ၏ ဘဏ်အကောင့်သို့ တိုက်ရိုက်ငွေလွှဲခြင်းမပြုဘဲ PayPal ကဲ့သို့သော အီလက်ထရောနစ်အကောင့်နှစ်ခုအကြား ငွေလွှဲပြောင်းပေးသည့် လုံခြုံသော ငွေပေးချေမှုနည်းလမ်းကို အသုံးပြုရန်၊

(ပ) အွန်လိုင်းမသမာသူများက စားသုံးသူ၏ ကိုယ်ရေးအချက်အလက်များရရှိရန်ရည်ရွယ်ပေးပို့လာသော Spam Email သို့မဟုတ် Phishing Mail များတွင် ပါရှိသည့် Link သို့မဟုတ် attachment တို့ကို ဖွင့်လှစ်ခြင်း၊ Click နှိပ်ခြင်း မပြုရန်၊ (စားသုံးသူအသုံးပြုသည့် အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်း၊ ဘဏ်၊ ငွေကြေး လွှဲပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း စသည်တို့မှ ပေးပို့သော Email ပုံစံဖြင့် ရောက်ရှိလာတတ်ပါသည်။ အဆိုပါ Email များတွင် ကိုယ်ရေးအချက်အလက်ဖြည့်သွင်းရမည့် Link သို့မဟုတ် attachment များ ပါဝင်လေ့ရှိပါသည်။)

(ဏ) မိမိ၏ ကိုယ်ရေးအချက်အလက်များ လုံခြုံမှုရှိစေရန် မိမိဝင်ရောက်ထားသော သို့မဟုတ် မှတ်ပုံတင်ထားသော website များကို အသုံးပြုပြီးသည့်အချိန်တွင် Log out အမြဲလုပ်ရန်၊

(တ) အွန်လိုင်းအသုံးမပြုမီ မိမိအသုံးပြုသည့် ဖုန်း၊ ကွန်ပျူတာစသည့် အီလက်ထရောနစ်ပစ္စည်းများတွင် Antivirus ဆော့ဖ်ဝဲလ် သို့မဟုတ် Antispyware ဆော့ဖ်ဝဲလ် Update ဖြစ်-မဖြစ် စိစစ်ရန်၊

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် အွန်လိုင်းပေါ်က ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာမှ ဖြစ်ပေါ်လာသည့် စားသုံးသူနစ်နာဆုံးရှုံးမှုများအတွက် ဆက်သွယ်တိုင်ကြားလာမှုများကို လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ် (စက်တင်ဘာလ) အထိ တိုင်ကြားမှု (၂၄၃) မှု လက်ခံရရှိခဲ့သည့်အနက် (၂၃၉) မှု ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့



စာမျက်နှာ ၁၆ မှအဆက်

တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် သနပ္ပင်မြို့ရှိ စားသုံးဆီအရောင်းဆိုင်များ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အလိုက် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဆီလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဥပဒေနှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာဖော်ပြရေး၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုရာတွင် နစ်နာဆုံးရှုံးမှုများ ဖြစ်လာပါက တိုင်ကြားနိုင်သည့် တိုင်ကြားနိုင်သည့်နည်းလမ်းများအား အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း၊ ထို့အပြင် ပြည်မြို့နယ်၊ ရွှေတောင်မြို့နယ်၊ ပန်းတောင်းမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် သနပ္ပင်မြို့နယ်တို့တွင် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များလည်း ဆောင်ရွက်ခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပခုက္ကူမြို့ မီးသတ်ဦးစီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းရှိ ဆရာ၊ဆရာမနှင့် သင်တန်းသူ၊သင်တန်းသားများ၊ ဆိပ်ဖြူမြို့၊ အခြေခံပညာ အထက်တန်းကျောင်းတွင် ပြုလုပ်သော အခြေပြုကင်းထောက်သင်တန်းနှင့် အခြေခံရှေးဦးသူနာပြုသင်တန်းသို့သွားရောက်၍ ဆရာ၊ ဆရာမများနှင့် သင်တန်းသူ၊သင်တန်းသားများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ စလင်းမြို့၊ ပွင့်ဖြူမြို့၊ ကံမမြို့၊ မင်းဘူးမြို့




တို့တွင် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် မကွေးမြို့၊ မြို့သစ်မြို့၊ တောင်တွင်းမြို့၊ ရေနံချောင်းမြို့၊ နတ်မောက်မြို့၊ ချောက်မြို့များရှိ မုန့်မျိုးစုံနှင့်ကုန်မျိုးစုံ အရောင်းဆိုင်လုပ်ငန်းရှင်များ၊ ချောက်မြို့ရှိ စိုက်ပျိုးရေးဆေးဆိုင် လုပ်ငန်းရှင်၊ မကွေးမြို့ရှိ ဆေးဆိုင်များ၊ မင်းဘူးခရိုင်အတွင်းရှိ၊ မင်းဘူးမြို့ ခရိုင်ဦးစီးမှူးရုံး၌ ဆီလုပ်ငန်းရှင်များ၊ စလင်းမြို့ရှိ ဆီစက်လုပ်ငန်းရှင်များ၊ မင်းဘူး၊ စလင်းနှင့်ပွင့်ဖြူမြို့များရှိ စားသောက်ကုန်လုပ်ငန်းရှင်များ၊ သရက်ခရိုင်အတွင်းရှိ သရက်မြို့ခရိုင် ဦးစီးမှူးရုံး၌ ဆီလုပ်ငန်းရှင်များ၊ ကံမ၊ သရက်မြို့များရှိ ဆီလုပ်ငန်းရှင်များ၊ အောင်လံ၊ မင်းလှ၊ ဆင်ပေါင်ဝဲ၊ ကံမမြို့များရှိ မုန့်မျိုးစုံ၊ ကုန်မျိုးစုံအရောင်းဆိုင်လုပ်ငန်းရှင်များ၊ သရက်၊ ကံမ၊ ဆင်ပေါင်ဝဲမြို့များရှိ ဘိလပ်မြေဆိုင်လုပ်ငန်းရှင်များ၊ ပခုက္ကူခရိုင်အတွင်း ပခုက္ကူမြို့ရှိ မုန့်မျိုးစုံနှင့် ကုန်မျိုးစုံအရောင်းဆိုင်လုပ်ငန်းရှင်များ၊ ဆိပ်ဖြူမြို့ရှိ ဆီလုပ်ငန်းရှင်များ၊ ရောင်းချရေး၊ ဂန့်ဂေါမြို့ရှိ သောက်ရေသန့်လုပ်ငန်းရှင်များ၊ ပခုက္ကူမြို့နယ်အနေဖြင့် ပခုက္ကူမြို့ အမှတ်(၅၊ ၆၊ ၁၄၊ ၁၅) ရပ်ကွက်များတွင် ငံပြာရည်လုပ်ငန်းရှင်၊ ပုန်းရည်ကြီးလုပ်ငန်းရှင်များ၊ ကိတ်

စာမျက်နှာ ၁၈ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှအဆက်

စည်းကမ်းနှင့်အညီ ဖြောင့်မတ် မှန်ကန်စွာဆောင်ရွက်ရန်၊ ရည်ညွှန်းစျေး သတ်မှတ်ထားသောကုန်စည်များအား သတ်မှတ်ရည်ညွှန်းစျေးဖြင့် ရောင်းချစေရေး ဆွေးနွေးဟောပြောခြင်းများဆောင်ရွက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်နှင့် သက်ဆိုင်သော လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း၊ ထို့ပြင် ဖျာပုံခရိုင်၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖျာပုံမြို့နယ်၊ မော်တော်ယာဉ်လိုင်းပေါင်းစုံအသင်း၊ ဒေးဒရဲမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ကျိုက်လတ်မြို့နယ် အသင့်စားငါးရံ့ခြောက်ဖုတ်လုပ်ငန်းရှင်များအသင်း၊ ဘိုကလေးမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့်လည်းကောင်းတွေ့ဆုံ၍ အသင်း၏လက်ရှိဆောင်ရွက်ချက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်မည့် အစီအစဉ်များအား ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် ပြွန်ကန်ကျေးရွာတွင် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ပြီး စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီးလက်ကမ်းစာဆောင်များ ဖြန့်ဝေခဲ့ကြောင်း၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးခန်း၌ ကုန်စည်ပို့ဆောင်ရေးယာဉ်လိုင်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေး အသိပညာပေးခြင်းများလည်းပြုလုပ်ခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်ရှိ ဝန်ထမ်းမိသားစုများ၊ ကလေးမြို့၊ မြို့သာရပ်ကွက်နှင့် ဟုမ္မလင်းမြို့ မှန်ပင်ကျေးရွာရှိ ပြည်သူများ၊ ကန့်ဘလူခရိုင်၊ ကွန်းလှမြို့ စည်ပင်သာယာရေးအဖွဲ့ရုံးရှိ ဝန်ထမ်းများ၊ ကန့်ဘလူခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးသန့်ခြံရှိ ပြည်သူများ၊ စစ်ကိုင်းမြို့၊ သာစည်ရပ်ကွက်ရှိ 'ကမ္ဘောဇ' ကျောင်းရှိ ပြည်သူများ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးတွင် ဆီလုပ်ငန်းရှင်အသင်းသားများ၊ မုံရွာမြို့၊ တိုင်းပညာရေးဦးစီးမှူးရုံး၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း တိုင်းအဆင့် သင်တန်းသူ၊ သင်တန်းသားများနှင့် ရွှေဘိုခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနရှိ ဝန်ထမ်းများအား ဌာန၏မျှော်မှန်းချက်များ၊ ရည်မှန်းချက် တာဝန်များ၊ စားသုံးသူအခွင့်အရေးများ၊ တာဝန်များ၊ ဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ဖြေရှင်း ဆောင်ရွက်ပေးခဲ့သည့် စားသုံးသူတိုင်ကြားမှုဖြစ်စဉ်များကို အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါကြောင်း၊ ထို့ပြင် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး အသိပညာပေးမှုများကိုလည်း စုစုပေါင်း (၂၇)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးဆောင်ရွက်ခြင်းများ ပြုလုပ်ရာတွင် စီးပွားရေးလုပ်ငန်းရှင်တို့၏တာဝန်များ၊ လိုက်နာရမည့်အချက်များ၊ ကုန်စည်နှင့် စပ်လျဉ်း၍ ဖော်ပြရမည့်အာမခံများ၊ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များ ပြည့်စုံစွာပေးရန် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်ရန် အချက်များကို ရှင်းလင်းဆွေးနွေးအသိပညာပေးခြင်း၊ ရည်ညွှန်းစျေး သတ်မှတ်ထားသော ကုန်စည်များအား သတ်မှတ်ရည်ညွှန်းစျေးဖြင့် ရောင်းချစေရေး ဆွေးနွေး ဟောပြောခြင်းများဆောင်ရွက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်နှင့် သက်ဆိုင်သောလက်ကမ်းစာစောင်များ၊ စားသုံးသူကာကွယ်ရေးဥပဒေစာအုပ်များ ဖြန့်ဝေခဲ့ကြောင်း၊ ပဲခူး

စာမျက်နှာ ၁၇ ကော်လံ ၁ သို့



စာမျက်နှာ ၄ မှအဆက်

ကျန်ရှိသည့် (၄) မှုနှင့်ပတ်သက်၍ ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ အွန်လိုင်းပေါ်တွင် ဖော်ပြထားသည့် ဆက်သွယ်ရန် နေရပ်လိပ်စာများ မြေပြင်၌ အမှန်တကယ် ရှိ-မရှိ စိစစ် ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် အင်တာနက်အသုံးပြု၍ အွန်လိုင်းပေါ်မှ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲခြင်းကြောင့် စားသုံးသူနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက စုံစမ်းစစ်ဆေးမှုများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စားသုံးသူများအနေဖြင့်လည်း အွန်လိုင်းပေါ်က ရောင်းချနေသာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲမှုများကြောင့်ဖြစ်ပေါ်လာနိုင်သည့် အွန်လိုင်းလိမ်လည်မှုများ၊ ငွေကြေးဆုံးရှုံးမှုများ၊ အွန်လိုင်းရာဇဝတ်မှုကျူးလွန်ခံရမှုများ မဖြစ်စေရေးအတွက် ဝယ်ယူသုံးစွဲခြင်းမပြုမီ အထက်တွင် ဖော်ပြခဲ့သည့် သတိပြုဆောင်ရွက်သင့်သည့်အချက်များအတိုင်း စိစစ်ဝယ်ယူကြပါရန် တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။

**Source:** ပညာပေး

## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

### စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ

စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်တို့တွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို အနည်းဆုံးသုံးလလျှင် တစ်ကြိမ် ကျင်းပရမည်ဖြစ်ရာ ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၆-၄-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ချင်းပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၉-၄-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃၀-၄-၂၀၂၄ ရက်နေ့တွင်လည်းကောင်း စုစုပေါင်း (၄) ကြိမ် ကျင်းပနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

## ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

### (၂၈) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ခြင်း

၂၀၂၄ ခုနှစ်၊ မေလ (၂၀) ရက်နေ့မှ (၂၃) ရက်နေ့အထိ Hybrid စနစ်ဖြင့် ဘရူနိုင်းနိုင်ငံ၊ ဘန်ဒါဆရီဘဂါဝမ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် “ (၂၈) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ” သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင် ဦးဆောင်၍ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဘာသာရပ်ဆိုင်ရာ အရာထမ်းများက ရုံးအမှတ် (၅၂)၊ စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်တွင် Virtual စနစ်ဖြင့် တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) ပါလုပ်ငန်းများကို ပိုမိုထိရောက်စွာ လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၂၆-၂၀၃၀) တွင် ထည့်သွင်းသွားမည့်လုပ်ငန်းများကို အကြံပြုဆွေးနွေးရန်နှင့် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ အရင်းအမြစ်တည်ဆောက်ရေးဆိုင်ရာ နည်းပညာအကူအညီများကို ရယူဖလှယ်နိုင်ရန်တို့အတွက် ဖြစ်ပါသည်။

(၂၈) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားတွင် အိမ်ရှင် ဘရူနိုင်းနိုင်ငံမှ စီးပွားရေး စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Ms. Heidi Farah Sia Abd Rahman၊ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် စင်ကာပူနိုင်ငံယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးကော်မရှင်မှ လက်ထောက်အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Loke Shiu Meng တို့မှ အဖွင့်အမှာစကားပြောကြားခဲ့ကြပြီး အစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်သည့် Timor- Leste နိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးကလည်း မိတ်ဆက်စကားပြောကြားခဲ့ပါသည်။(၂၈) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများတွင် အဓိကအားဖြင့် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေး၊ အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များ၊ အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) ပါဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် နှစ်အလိုက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ အာဆီယံမိတ်ဖက်အဖွဲ့အစည်းများမှ နည်းပညာအကူအညီပေးအပ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့



စာမျက်နှာ ၁၄ မှအဆက်



ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော ဆွေးနွေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ သာပေါင်းမြို့နယ် လင်းတာကျွရွာ၊ ကျုံပျော်မြို့နယ် မြို့မရပ်ကွက်၊ ကျောင်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက်၊ သာပေါင်းမြို့နယ် ရွှေညောင်ပင်ရွာ၊ ဆီဆုံရွာ၊ ငပုတောမြို့နယ် အရှေ့ပိုင်းရပ်ကွက်၊ ကျိုက်လတ်မြို့နယ် (၂) ရပ်ကွက်နှင့် (၃) ရပ်ကွက်တို့ရှိ စားသုံးသူပြည်သူများ၊ ကျိုက်လတ်မြို့နယ် ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စာဖတ်ဝိုင်းရှိ စာဖတ်သူပြည်သူများ၊ ဘိုကလေး မြို့နယ်(၄)ရပ်ကွက် ကုန်စုံဆိုင်ရှိ ဆိုင်လုပ်သား ပြည်သူများ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် သာပေါင်း ကျေးရွာရှိ ဆန်စက်လုပ်သား ပြည်သူများ၊ ဒေးဒရဲမြို့နယ် ထောင်မှူးချောင်ကျေးရွာရှိ ဆန်စက်လုပ်သားများအား စားသုံးသူကာကွယ်ရေး ဥပဒေ၏ ရည်ရွယ်ချက်များ၊ ကုန်စည်၊ ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ဖြစ်နိုင်ခြေရှိသည့် အခြေအနေများ၊ စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်းပြီး တိုင်ကြားနိုင်မှုအခြေအနေများကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း၊ ဖျာပုံမြို့နယ်၊ ဒေးဒရဲမြို့နယ်၊ ဘိုကလေး မြို့နယ်နှင့် ကျိုက်လတ်မြို့နယ်များတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ Talk Show အစီအစဉ်ဖြင့် စားသုံးသူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍လည်း ပုသိမ်ခရိုင်အတွင်းရှိ ဆီလုပ်ငန်းရှင်များ၊ မုန့်ဟင်းခါးခြောက် လုပ်ငန်းရှင်နှင့်အမှတ်(၉) ရပ်ကွက်ရှိ ဆန်စက်လုပ်ငန်းရှင်၊ ကျောင်းကုန်းမြို့နယ်ရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များနှင့် ဆီစက်လုပ်ငန်းရှင်များ၊ ကန်ကြီးထောင့်မြို့နယ်၊ မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များ နှင့် အမှတ် (၁) ရပ်ကွက်ရှိ ဆန်စက်လုပ်ငန်းရှင်၊ ရေကြည်မြို့နယ်ရှိ မုန့်တိုက်လုပ်ငန်းရှင်များနှင့် ပိတောက်ချောင်ရပ်ကွက်ရှိ ဂျင်းသုတ်လုပ်ငန်းရှင်၊ ငပုတောမြို့နယ်၊ မြောက်ပိုင်းရှိ စားသုံးဆီလုပ်ငန်းရှင်များ၊ လိပ်ချောင်းကျေးရွာရှိ ခနိ လုပ်ငန်းရှင်နှင့် အုန်းပင်ကွင်းကျေးရွာရှိ ဆားလုပ်ငန်းရှင်၊ သာပေါင်းမြို့နယ်၊ မြို့နယ်တာဝန်ခံရုံး၌ သီဟိုဠ် လုပ်ငန်းရှင်များနှင့် လှေကြီးတပ်ကျေးရွာရှိ ဆန်စက်လုပ်ငန်းရှင်၊ ကျုံပျော်မြို့နယ်၊ တာဝန်ခံရုံး၌ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ မအူပင်ခရိုင်အတွင်းရှိ ညောင်တုန်းမြို့နယ်တာဝန်ခံရုံးတွင် ဆန်စက် လုပ်ငန်းရှင်များ၊ ဓနုဖြူမြို့နယ်တာဝန်ခံရုံးတွင် ဆီလုပ်ငန်းရှင်များ၊ ပန်းတနော်မြို့နယ်၊ ထွေအုပ်အစည်းအဝေးခန်းမတွင် ဆီလုပ်ငန်းရှင်များ၊ မအူပင်မြို့နယ်၊ ခရိုင်ဦးစီးမှူးရုံးတွင် ဆီလုပ်ငန်းရှင်များ၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနရုံးတွင် အသင့်စားငါးရံ့ခြောက်ဖုတ်လုပ်ငန်းရှင်များ၊ ဖျာပုံမြို့နယ် မော်တော်ယာဉ်အသင်းရုံးတွင် မော်တော်ယာဉ်လုပ်ငန်းရှင်များ၊ ဒေးဒရဲမြို့နယ်ရှိ အအေးဆိုင်လုပ်ငန်းရှင်များကို စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် စီးပွားရေးကျင့်ဝတ်၊

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

## ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက် အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခဲ့ပါသည်။ ထို့ပြင် စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ/ မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်း ပြတ်လပ်မှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေး ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း ဈေးကွက် စောင့်ကြည့်စစ်ဆေးမှု (၁၈၄၂) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်/လုံ

## စားသုံးသူအသိပညာပေးရေးကဏ္ဍ

### တိုင်းဒေသကြီးများအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် စားသုံးသူအကျိုးစီးပွားကာကွယ်ရေး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးတို့အတွက် စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊စည်းကမ်း နှင့်အညီ ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်နိုင်စေရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် တိုက်ကြီးမြို့နယ်၊ သနပ်ချောင်းကျေးရွာ နှင့် တွံတေးခရိုင်၊ ကော့မှူးမြို့နယ် စည်ပင်သာယာမြို့မဈေးအတွင်းတို့ရှိ စားသုံးသူပြည်သူများ၊ သုံးခွမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖွင့်လှစ်သည့် (Grammar) အခြေခံသင်တန်းတွင် သင်တန်းသူ၊ သင်တန်းသားများ၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ် (၁) ဈေးအတွင်း စည်ပင်သာယာခန်းမရှေ့၌ ဈေးသူ၊ဈေးသားများအား သွားရောက်၍ စားသုံးသူကာကွယ်ရေးပါ ပြဋ္ဌာန်းချက်များနှင့် ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များအကြောင်းနှင့် စားသုံးသူများ ထိခိုက်နစ်နာမှုဖြစ်ပေါ်လာပါက တိုင်ကြားနိုင်သည့် နည်းလမ်းကို အသိပညာပေးဟောပြောခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းနှင့်အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မအူပင်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းနှင့်အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ရေကြည်မြို့နယ် အား၊ကာ ကျောင်းတို့ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ညောင်တုန်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖွင့်လှစ်သည့် နွေရာသီရှေးဦးသူနာပြုသင်တန်းကျောင်းတို့ကို စားသုံးသူ

စာမျက်နှာ ၁၅ ကော်လံ ၁ သို့



စာမျက်နှာ ၆ မှအဆက်

ဩစတြေးလျ၊ နယူးဇီလန်၊ ကနေဒါ၊ တရုတ်နိုင်ငံတို့နှင့် လွတ်လပ်သော ကုန်သွယ်မှုဒေသသဘောတူညီချက်ပါ စားသုံးသူကာကွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိပါသည်။

**Source:** အာဆီယံ

## စားသုံးသူတိုင်ကြားမှုနှင့်ဖြေရှင်းပေးမှုကဏ္ဍ

### ပိုးသတ်ဆေးဝယ်ယူခဲ့ခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နေ တိုင်ကြားသူတစ်ဦးက ပိုးသတ်ဆေးဆိုင်တစ်ဆိုင်သည် ခွင့်ပြုချက်လိုင်စင်မရှိဘဲ ဥပဒေမဲ့ ပိုးသတ်ဆေးရောင်းချ နေမှုနှင့် ပိုးသတ်ဆေးအနံ့များကြောင့် ကျန်းမာရေး ဆိုးဝါးစွာခံစားနေရသဖြင့် ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ လူကိုယ်တိုင်လာရောက် တိုင်ကြားလာပါသည်။ တိုင်ကြားမှုနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၏ အကြောင်းကြားချက်အရ မြောင်းမြခရိုင်ဦးစီးမှူးသည် စိုက်ပျိုးရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်းကွင်းဆင်းစစ်ဆေးခဲ့ရာ တိုင်ကြားခံရသည့် ပိုးသတ်ဆေးဆိုင်သည် စိုက်ပျိုးရေးဦးစီးဌာန၏ ခွင့်ပြုချက် လိုင်စင်မရှိဘဲ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ (၂) နှစ်ခန့် စည်းကမ်းမဲ့ ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် စိုက်ပျိုးရေးပစ္စည်းဆိုင်အား ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးရန် စိုက်ပျိုးရေးဦးစီးဌာနသို့ ညှိနှိုင်းအကြောင်းကြားစာ ပေးပို့ဆောင်ရွက်ခဲ့ပါသည်။ တိုင်ကြားခံရသည့် ပိုးသတ်ဆေးဆိုင်ပိုင်ရှင်အား လိုင်စင်မရှိဘဲ စိုက်ပျိုးရေးပစ္စည်းများ သိုလှောင်ထားခြင်း၊ ရောင်းချခြင်း မပြုလုပ်ရန်၊ လိုင်စင်ရရှိမှသာ ပြန်လည် ရောင်းချရန်နှင့် လိုက်နာမှုမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းကို ခံရမည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်ရယူထားရှိခဲ့သည့်အတွက် တိုင်ကြားသူမှ လည်းကျေနပ်မှုရရှိပြီး နှစ်ဦးနှစ်ဖက် သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ကြသဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

**Source:** CICC

### မော်တော်ယာဉ်ပြုပြင်ရေးလုပ်ငန်း ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် မော်တော်ယာဉ်ပြုပြင်ရန်အတွက် မော်တော်ယာဉ်ပြုပြင်ရေးလုပ်ငန်းတာဝန်ခံ (Mechanic) ထံတွင် အပ်နှံခဲ့ရာ မော်တော်ယာဉ်မှာ Gear Box Error ဖြစ်ပေါ်နေသည့်အတွက် ပြုပြင်ခငွေကျပ် ၂,၃၈၀,၀၀၀/- အား ပေးချေခဲ့ရသော်လည်း ကောင်းမွန်လာမှုမရှိသည့်အပြင် ပိုင်ရှင်၏ ခွင့်ပြုချက်ရယူမှုမရှိဘဲ မော်တော်ယာဉ်၏ အရေးကြီးအစိတ်အပိုင်းများအား လဲလှယ်ပြုပြင်မှုများ ပြုလုပ်ခဲ့သည့်အတွက် စားသုံးသူရေးရာဦးစီးဌာန၊ Website Complaint

စာမျက်နှာ ၈ ကော်လံ ၁ သို့

*စာမျက်နှာ ၇ မှအဆက်*

System မှတဆင့် ဆက်သွယ်တိုင်ကြားလာပါသည်။ တိုင်ကြားမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများက နှစ်ဦးနှစ်ဖက်စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့သော်လည်း ပြေလည်မှုမရရှိသည့်အတွက် မော်တော်ယာဉ်ပြုပြင်ရေးလုပ်ငန်း၊ တာဝန်ခံမှ မော်တော်ယာဉ်ပြုပြင်ရန် တိုင်ကြားသူပေးအပ်ခဲ့သည့် ငွေကျပ် ၂,၃၈၀,၀၀၀/- (ငွေကျပ်နှစ်ဆယ့်သုံးသိန်း ရှစ်သောင်း တိတိ) ကို အပြည့်အဝပြန်လည်ပေးလျော် သွားရန်နှင့်ပေးလျော်မှုအား ၁၅-၁-၂၀၂၄ ရက်နေ့မတိုင်မီပြီးစီးအောင် ဆောင်ရွက်ပေးရမည်ဟု စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ခဲ့ကြောင်း၊ အမိန့်ချမှတ်ခဲ့မှုအပေါ် မော်တော်ယာဉ်ပြုပြင်ရေးလုပ်ငန်းတာဝန်ခံ (Mechanic) က လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်း ၂၉-၁-၂၀၂၄ ရက်နေ့တွင် ဌာနသို့ ဆက်သွယ်ပြောကြားလာသည့်အတွက် ဌာနမှတာဝန်ရှိသူက တိုင်ကြားသူထံ ဆက်သွယ်မေးမြန်းခဲ့ရာ ငွေကျပ် ၂၃၈၀၀၀၀/- (ငွေကျပ်နှစ်ဆယ့်သုံးသိန်းရှစ်သောင်းတိတိ) ကို လက်ခံရရှိပြီးဖြစ်၍ တိုင်ကြားမှုအား ပိတ်သိမ်းလိုကြောင်း ပြန်လည်ပြောကြားခဲ့သောကြောင့် စားသုံးသူကာကွယ်ရေးဥပဒေအရ နစ်နာဆုံးရှုံးမှုနှင့်အညီ ငွေပြန်လည်ပေးစေခြင်း နည်းလမ်းဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ်/ ခရိုင် | ဧပြီလ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန် ကျန်ရှိမှု | ဆောင်ရွက်မှု အခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | မတ်လ ဖြေရှင်းရန်ကျန် | ဧပြီလ | ပေါင်း | မတ်လထိ လက်ကျန်မှ | ဧပြီလ ကုန်စည် | ဧပြီလ ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁ | ၁ | ၁ | ၁ | | | | ၂ | ၂ | | ၁ | ၁ | ၂ | ၀ | ၁၀၀.၀၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၁ | ၁ | | | | ၂ | ၁ | ၃ | | | | ၀ | ၃ | ၀.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | | ၂ | | ၁ | | ၁ | | ၂ | ၂ | | | ၁ | ၁ | ၁ | ၅၀.၀၀% |
| ၉ | မန္တလေးတိုင်းဒေသကြီး | | ၁ | ၁ | | | | ၉ | ၁ | ၁၀ | | | | ၀ | ၁၀ | ၀.၀၀% |
| ၁၀ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | ၂ | | ၂ | | | | ၀ | ၂ | ၀.၀၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၄ | ၁၁ | ၉ | ၄ | ၁ | ၁ | ၈၃ | ၁၅ | ၉၈ | ၂၁ | ၁ | ၂ | ၂၄ | ၇၄ | ၂၄.၄၉% |
| ၁၃ | ရှမ်း(တောင်)တောင်ကြီး | ၂ | | ၁ | | | ၁ | | ၂ | ၂ | | ၁ | | ၁ | ၁ | ၅၀.၀၀% |
| ၁၄ | ရှမ်း(မြောက်)လားရှိုး | | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(ရှေ့)ကျိုင်းတုံခရိုင် | | ၁ | ၁ | | | | | ၁ | ၁ | | | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၁ | | | | | ၁ | | ၁ | ၁ | | ၁ | | ၁ | ၀ | ၁၀၀.၀၀% |
| ၁၇ | ပြည်ထောင်စုနယ်မြေ | | ၄ | ၄ | | | | ၄ | ၄ | ၈ | ၂ | | ၁ | ၃ | ၅ | ၃၇.၅၀% |
| ၁၈ | စားသုံးသူရေးရာဦးစီးဌာန | | | | | | | ၂ | | ၂ | ၂ | | | ၂ | ၀ | ၁၀၀.၀၀% |
| | စုစုပေါင်း | ၈ | ၂၁ | ၁၈ | ၆ | ၁ | ၄ | ၁၀၂ | ၂၉ | ၁၃၁ | ၂၅ | ၄ | ၆ | ၃၅ | ၉၆ | ၂၆.၇၂% |
| | | ၂၉ | | ၂၉ | | | | | | | | ၁၀ | | | | |

**Source: CICC**





ခမ်းရပ်ကွက်၊ ဆန်ဆိုင်း (က) ရပ်ကွက်နှင့် ဆန်ဆိုင်း (ခ) ရပ်ကွက်အတွင်းရှိ ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များအား တရားမဝင်တင်သွင်းထားသော ဆေးဝါးများနှင့်စပ်လျဉ်း၍ ရောင်းချခြင်း ရှိ/မရှိ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ပေါ်ရှိ အစားအသောက်နှင့် ကုန်ပစ္စည်းများ ရောင်းချနေသော ကုန်စုံဆိုင်နှင့် စတိုးဆိုင်များအား ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ပတ်သက်၍ စားသုံးသူကာကွယ်ရေး ဥပဒေအရ ပြဋ္ဌာန်းချက်နှင့်ကိုက်ညီမှု ရှိ/ မရှိ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၊ အမှတ် (၁) ရပ်ကွက်၊ ပြိန်းနင်ရပ်ရှိ ဆီကြိတ်ခွဲ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ဆီစက်လုပ်ငန်းသို့ သွားရောက်၍ ဆီလုပ်ငန်းရှင်နှင့်တွေ့ဆုံပြီး လုပ်ငန်းလည်ပတ်နေမှု အခြေအနေများ၊ ကုန်ကြမ်းဝယ်ယူစုဆောင်းမှု အခြေအနေများ၊ ဆီထုတ်လုပ်ရောင်းချမှုအမျိုးအစားများ၊ တစ်ရက်ကြိတ်ခွဲထုတ်လုပ်နိုင်မှု အခြေအနေများ၊ ရောင်းချသည့် ဈေးနှုန်းနှင့် ဈေးကွက်အတွင်း ထုတ်လုပ်ရောင်းချရာတွင် သတ်မှတ်ထားသော ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားမှု ရှိ/မရှိ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရန်အတွက် ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:ပြည်နယ်ဦးစီးမှူးရုံးများ**

## ၂၀၂၄ ခုနှစ် (ဇန်နဝါရီလမှ ဧပြီလအထိ) ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံ စားသုံးသူ ကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/ ၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် (ဇန်နဝါရီလမှ ဧပြီလအထိ) အတွင်း တိုင်းဒေသကြီး/ပြည်နယ်များမှ ကုမ္ပဏီ (၁၄၇) မှ စိစစ်ရန်တင်ပြလာသည့် ကုန်ပစ္စည်း (၄၇၆) အနက် ကုမ္ပဏီ (၁၄၆)၊ ကုန်ပစ္စည်း (၄၇၅) စိစစ်ဆောင်ရွက်ခွင့်ပြုပေးခဲ့ပါသည်။

**Source: ထုတ်/လုံ**

## ပြည်နယ်အသီးသီးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာပြည်နယ်များအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလအတွင်း ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ဗန်းမော်မြို့၊ ညောင်ပင်ရပ်ရပ်ကွက်၊ မိုးညှင်းမြို့၊ အုတ်ကျင်းရပ်ကွက်နှင့် ရွာသစ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ရမ်ပူရပ်ကွက်၊ မန်ခိန်ရပ်ကွက်နှင့် အောင်နန်းရပ်ကွက်တို့ရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ ဈေးကွက်အတွင်း ပပျောက်စေရေးနှင့် စားသုံးကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ပတ်သက်၍ ကိုက်ညီမှုရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ဘီးလင်းမြို့အတွင်းရှိ ဆေးနှင့်ဆေးပစ္စည်းရောင်းချနေသော ဆိုင်များသို့ သွားရောက်၍ ဆေးနှင့်ဆေးပစ္စည်း ဈေးနှုန်းတည်ငြိမ်မှု ရှိ/မရှိ၊ ချောင်းဆုံမြို့ပေါ်ရှိ အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်များသို့ သွားရောက်၍ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှုမရှိစေရေးနှင့် အဆမတန် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း ရှိ/မရှိ၊ ချောင်းဆုံမြို့နယ်၊ ကညော့်ကျေးရွာရှိ စက်သုံးဆီအရောင်းဆိုင်သို့ သွားရောက်၍ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရေး၊ တရားမဝင်စက်ဆီများ ရောင်းချမှုမရှိစေရေး၊ စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ရည်ညွှန်းဈေးနှုန်းများအပေါ် ညွှန်ကြားချက်များနှင့်အညီ ရောင်းချခြင်း ရှိ/မရှိ၊ ဘီးလင်းမြို့ရှိ စတိုးဆိုင်များတွင် ကလေးတစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းများအား ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြမှုရှိ/မရှိ၊ သထုံမြို့နယ်တွင် ပြည်သူများ ပဋိဇီဝဆေးယဉ်ပါးမှုအန္တရာယ်ကို ကာကွယ်နိုင်ရေးအတွက် ဆေးဝါးအရောင်းဆိုင်များ၌ ဆရာဝန်ဆေးညွှန်းစာဖြင့် ရောင်းချရန်လိုအပ်သည့် ဆေးဝါးများကို ဆေးညွှန်းစာမပါဘဲ ရောင်းချခြင်း ရှိ/မရှိ၊ သထုံမြို့မဈေးအတွင်း၌ ရောင်းချလျက်ရှိသော စတိုးဆိုင်များတွင် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းထားသည့် ကုန်ညွှန်းအမှတ်အသားဖော်ပြချက်များနှင့် ကိုက်ညီမှု ရှိ/မရှိနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ချေရှိ/မရှိ သွားရောက်၍ စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ၊ အခန်း (၁၈) တွင် ပြဋ္ဌာန်းထားသော ကုန်အညွှန်းအမှတ်အသား ဖော်ပြမှုဆိုင်ရာအချက်များ ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ/မရှိနှင့် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ထုတ်ပြန်ထားသော ၂/၂၀၁၉ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ ညွှန်ကြားချက်များ ဖော်ပြထားသော လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း (ခ) ရပ်ကွက်ရှိ ဂျုံခေါက်ဆွဲလုပ်ငန်း၊ တာချီလိတ်မြို့နယ်၊ မကာဟို

စာမျက်နှာ ၁၃ ကော်လံ ၁ သို့



# ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

## တိုင်းဒေသကြီးအသီးသီးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးများအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလအတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ဗိုလ်တထောင်ခရိုင်၊ သာကေတစက်မှုဇုန်၊ အမှတ်(၁၄၉)၊ မြနန္ဒာလမ်းရှိ ပေါင်မုန့်ဖုတ်သည့်လုပ်ငန်း၊ အမှတ် (၅၀/၅၁)၊ ရန်နိုင်ဆွေ (၂)လမ်းရှိ Frozen Fish and Prawn လုပ်ငန်း၊အမှတ် (၁၀၅/စီ/ ၁၀၆)၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် အမှတ် (၂၁၄/ ၂၁၉ /၂၂၀)၊ မြခွာညိုလမ်းတို့ရှိ ပေါက်ချက်လုပ်ငန်း၊ ဒဂုံမြို့သစ်ခရိုင်၊ တောင်ဒဂုံမြို့နယ်၊ စက်မှုဇုန် (၁)၊ အမှတ်(၆၅)၊ လှိုင်ကော်လမ်းရှိ မုန့်မျိုးစုံလုပ်ငန်းတို့သို့ သွားရောက်၍ အန္တရာယ်ရှိစေမည့် ဆိုးဆေးများ ထည့်သွင်းခြင်း ရှိ/မရှိနှင့် မုန့်များအား ထုတ်ပိုးစနစ်ဖြင့် ရောင်းချရာတွင် စားသုံးသူကာကွယ်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ကုန်အညွှန်းအမှတ်အသား သတ်မှတ်ချက်နှင့်အညီ ဖော်ပြထားခြင်း ရှိ/မရှိ၊ တွံတေးခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် သန်လျင်ခရိုင်တို့ရှိ မြို့မဈေးကြီးများ၌ ဆေးနှင့်ဆေးပစ္စည်းရောင်းချသည့် ဆိုင်များသို့ သွားရောက်၍ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့်အညီ ရောင်းချမှု ရှိ/မရှိ၊ မှော်ဘီမြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များတွင် ဘူးသွပ်ကာ အမှတ်တံဆိပ်တပ်ပြီး ရောင်းချနေသည့် စားသုံးဆီအမျိုးမျိုးတို့တွင် စားသုံးသူကာကွယ်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များနှင့်အညီ ဆောင်ရွက်ထားမှု ရှိ/မရှိ၊ ကော့မှူးမြို့နယ်ရှိ ဒေသခံပြည်သူများအနေဖြင့် စားသုံးဆီအမျိုးမျိုးအား ဝယ်ယူအသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် လုံခြုံစိတ်ချမှုရှိစေရန် အတွက် ကော့မှူးမြို့နယ် စည်ပင်သာယာမြို့မဈေးအတွင်း/အပြင်၌ ရောင်းချလျက်ရှိသော ကုန်မျိုးစုံဆိုင်များအား သွားရောက်၍ (၁/၂၀၂၁) ၏ ညွှန်ကြားချက်များနှင့်ကိုက်ညီမှု ရှိ/မရှိ၊ ဈေးနှုန်းများ မှန်ကန်စွာ ရောင်းချခြင်းရှိ/မရှိ၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ ကုန်မျိုးဆိုင်များသို့ သွားရောက်၍ ညွှန်ကြားချက် အမှတ် (၁/၂၀၁၉) နှင့် ကိုက်ညီမှု ရှိ/မရှိနှင့် သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်အမှတ်များပါရှိမှု ရှိ/မရှိနှင့် အင်းစိန်ခရိုင်အတွင်းတို့ရှိ ဆေးဆိုင်များသို့ သွားရောက်၍ ဆေးအမျိုးအစားပေါင်း (၅၀) ကို ပစ္စည်းပြတ်လပ်မှုရှိ/မရှိနှင့် ဈေးနှုန်းအပြောင်းအလဲ အတက်အကျ ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ထို့ပြင် ကြည့်မြင်တိုင်မြို့နယ် ညဈေးအနီးရှိ Bkk Snacks ဆိုင်သို့ သွားရောက်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ ကလေးငယ်များ ထမင်းစားရာတွင် ထည့်သွင်းအသုံးပြုရသည့် အရသာမုန့်အချို့မှာ တင်သွင်းခွင့် (IR) များ မပါရှိဘဲ ရောင်းချနေသည်ကို တွေ့ရှိရ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

*စာမျက်နှာ ၉ မှအဆက်*



သဖြင့် နောက်နောင်တွင် ရောင်းချခြင်းမပြုရန် မိတ်ဖက်ဌာနများဖြစ်သည့် အဖွဲ့စုံရှေ့မှောက်၌ ခံဝန်ကတိရေးထိုးစေခဲ့ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်မြို့နယ် ကုန်စုံလမ်းရှိ စားသုံးဆီများရောင်းချနေသောဆိုင်၊ ရေကြည်မြို့နယ် ဆေးရုံလမ်းရှိ အလှကုန်ဆိုင်နှင့် မြို့မဈေးအတွင်းရှိ စားသုံးဆီများရောင်းချနေသောဆိုင်၊ ငပုတောမြို့နယ် (၁) ရပ်ကွက်ရှိ မုန့်ဆိုင်၊ ကျုံပျော်မြို့နယ် မြို့မဈေးအတွင်းရှိ စားသုံးဆီများ ရောင်းချနေသောဆိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ မြို့မဈေးအတွင်းရှိ စားသုံးဆီများရောင်းချနေသောဆိုင်၊ သာပေါင်းမြို့နယ် သီရိရွှေသာဈေးအတွင်းရှိ စားသုံးဆီများ ရောင်းချနေသော ဆိုင်၊ ကျောင်းကုန်းမြို့နယ် မြို့မဈေးအတွင်းရှိ စားသုံးဆီများ ရောင်းချနေသော ဆိုင်၊ ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံမြို့နယ်၊ မြို့မဈေးနှင့် ရပ်ကွက်အတွင်းရှိ စတိုးဆိုင်များ၊ မြို့ပေါ်ရပ်ကွက်အတွင်းရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များ၊ (၁) ရပ်ကွက်ရှိ စားသောက်ကုန်လုပ်ငန်းနှင့် မြို့မဈေးရှိ ဆေးဆိုင်များ၊ ဒေးဒရဲမြို့နယ်၊ ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များ၊ ဘိုကလေးမြို့နယ်၊ မြို့ပေါ်ရပ်ကွက်ရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များ၊ မြို့မဈေးရှိ ကုန်စုံဆိုင်များ၊ (၁၈) လမ်းရှိ ဆေးဆိုင်များနှင့် ဆန်စက်များ၊ ကျိုက်လတ်မြို့နယ်ရှိ ဆေးဆိုင်များ၊ အသင့်စား ငါးရံ့ခြောက်ဖုတ်လုပ်ငန်းနှင့် ဆန်စက်၊ ဟင်္သာတခရိုင်အတွင်း မြို့နယ် (၆) မြို့နယ်ရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များကို ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးနှင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အချက်အလက်များ ပြည့်စုံကိုက်ညီမှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ဈေးကွက်အတွင်းရောင်းချနေသော စားသောက်ကုန်များ၊ လူသုံးကုန်များ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးဆောင်ရွက်ခဲ့ရာ (၂၆) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထားသည့် ကုန်စည် (၁၀) မျိုးအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် သနပ်ပင်မြို့နယ်ရှိ သနပ်ပင်ဈေး၊ ပဲခူးမြို့ပေါ်ရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များ၊ ပြည်ခရိုင်၊ ပြည်မြို့ မြို့သစ်ရပ်ကွက်ရှိ ကုန်စုံဆိုင်များနှင့် မြို့ပေါ်စတိုးဆိုင်များရှိ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်အမျိုးမျိုးကိုလည်းကောင်း၊ ရွှေတောင်မြို့၊ မြို့မဈေးရှိ ကုန်စုံဆိုင်များနှင့် စံပြရပ်ကွက်ရှိ ကုန်စုံဆိုင်များ၌ အသင့်ဖျော်ကော်ဖီ၊ လက်ဖက်ရည်အမျိုးမျိုးနှင့် စားသုံးဆီအမျိုးမျိုးကိုလည်းကောင်း၊ ပန်းတောင်းမြို့ပေါ်ရှိ ကုန်စုံဆိုင်များ၊ ပန်းတောင်းဈေးနှင့် ထုံးဘိုဈေးတို့ရှိ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်အမျိုးမျိုး နှင့် ပေါက်ခေါင်းမြို့ရှိ မြို့မဈေးရှိ

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၀ မှအဆက်*



အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်အမျိုးမျိုးတို့ကိုလည်းကောင်း၊ စားအုန်းဆီဖြန့်ဖြူးရောင်းချသောလုပ်ငန်းများကိုလည်းကောင်း သွားရောက်၍ သက်ဆိုင်ရာဌာနများ၏ သတ်မှတ်လိုင်စင်များ ရှိ/မရှိ၊ စားသုံးရန်သို့မဟုတ် အသုံးပြုရန်မသင့်သည့် ကုန်စည်များ ရောင်းချခြင်း ရှိ/မရှိ၊ စားအုန်းဆီခွဲတမ်းရရှိသည့် ဆီများအားရောင်းချရာတွင် သတ်မှတ်ဈေးထက် ကျော်လွန်မရောင်းချရန်၊ အလေးချိန်မှန်ကန်စွာ ရောင်းချပေးရန်နှင့် ဆေးများအား ဆရာဝန်ညွှန်ကြားချက်နှင့် သုံးစွဲရသည့်ဆေးများ၊ နာတာရှည်ရောဂါများအတွက် သုံးစွဲရသည့်ဆေးအမျိုးအစားအလိုက် ဝယ်ယူရရှိမှုအခြေအနေ၊ ပစ္စည်းပြတ်လပ်မှုအခြေအနေနှင့် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း ရှိ/မရှိ၊ ကုန်အညွှန်းအမှတ်အသားပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော ကုန်စည်များကို တင်သွင်းရောင်းချခြင်း ရှိ/မရှိ၊ သက်ဆိုင်ရာဌာန၏ ထောက်ခံမှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဈေးတာဝန်ခံ (စည်ပင်သာယာရေးအဖွဲ့) တို့နှင့်ပူးပေါင်းပြီး မကွေးမြို့၊ ဈေးကွက်အတွင်းရှိ ကုန်စည်များအားနမူနာဝယ်ယူ၍ Mobile Lab ဖြင့် စစ်ဆေးခဲ့ကြောင်း၊ ပခုက္ကူမြို့ အမှတ် (၈) ရပ်ကွက်ရှိ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သုံးစွဲရန်မသင့် ထုတ်ပြန်ထားသော ဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချမှု ရှိ/မရှိစစ်ဆေးခဲ့ကြောင်း၊ ထို့နောက် အမှတ် (၂၊ ၄၊ ၁၁) ရပ်ကွက်များရှိ ဘေဘီစတိုးဆိုင်များနှင့် ကုန်မျိုးစုံဆိုင်များသို့လည်းသွားရောက်၍ ကလေးအသုံးအဆောင်ပစ္စည်းများနှင့် မုန့်မျိုးစုံများကို စစ်ဆေးခဲ့ကြောင်း၊ ဆိပ်ဖြူမြို့၊ အနောက်ပိုင်းရပ်ကွက်ရှိ ကုန်စုံဆိုင်သို့ သွားရောက်၍ ကလေးအာဟာရမှုန့်တွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာပါဝင်မှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ထားဝယ်မြို့ပေါ်ရှိ ကမ်းနားပျံကျဈေး၊ ထားဝယ်မြို့၊ ပညာရေးဒီဂရီကောလိပ်ရှိ မုန့်ဈေးတန်းများ၊ ဆေးဆိုင်များ၊ ကုန်စုံဆိုင်များ၊ မြိတ်မြို့ပေါ်ရှိ ဆိပ်ငယ်ဈေး၊ ထားဝယ်ကမ်းရပ် အခြေခံပညာမူလတန်းကျောင်းရှိ မုန့်ဈေးတန်း၊ ဆေးဆိုင်များ၊ ကုန်စုံဆိုင်များနှင့် ကော့သောင်းမြို့၊ ၁၀ မိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း မုန့်ဈေးတန်း၊ ဆေးဆိုင်များ၊ ကုန်စုံဆိုင်များသို့ သွားရောက်၍ စားသုံးသူပြည်သူများ၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူအသုံးပြုနိုင်စေရန်အတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်များပါရှိမှု ရှိ/မရှိ၊ ကုန်ညွှန်းအမှတ်အသားဖော်ပြရာတွင် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ပြထားရှိမှုများ ရှိ/မရှိ စစ်ဆေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**